နိုင်ငံတော်ကိုဦးဆောင်သော
လမ်းစဉ်ပါတီအား ကာကွယ်သည့်
ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၁	နိဒါန်း	....	၁
၂	အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်	....	၂
၃	အခန်း (၂) ဥပဒေအရ အရေးယူနိုင်သည့်ပြစ်မှုများနှင့် ပြစ်ဒဏ်များ	....	၁
၄	အခန်း (၃) အထွေထွေ	....	၄

နိုင်ငံတော်ကို ဦးဆောင်သော လမ်းစဉ်ပါတီအား ကာကွယ်သည့် ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၇]

နိဒါန်း

လုပ်သားပြည်သူ အပေါင်းတို့သည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေပါ ပုဒ်မ ၁၁ အရ တခုတည်းသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုကို ခံယူလျက် နိုင်ငံတော်ကို ဆိုရှယ်လစ်စနစ်ဖြင့် တည်ဆောက်ရာတွင် ကျရောက်လာသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြမည်ဟု သန္နိဋ္ဌာန် ချမှတ်ခဲ့ပါသည်။ သို့ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်ကို ဦးဆောင်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်ရန် ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံတော်ကို ဦးဆောင်သော လမ်းစဉ် ပါတီအား ကာကွယ်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော လမ်းစဉ်ပါတီ ဆိုသည့်စကားရပ်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဆိုသည်။

အခန်း (၂)

ဥပဒေအရ အရေးယူနိုင်သည့် ပြစ်မှုများနှင့် ပြစ်ဒဏ်များ

၃။ မည်သူမဆို အောက်ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်—

(က) လမ်းစဉ်ပါတီအား ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေရန်ပြုလုပ်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊

(ခ) လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့်ဖွဲ့စည်းထားသော လူထုလူတန်းစားအဖွဲ့အစည်းများအား ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေရန် ပြုလုပ်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊

(ဂ) လမ်းစဉ်ပါတီ၏ လျှို့ဝှက်ချက်များဟု သတ်မှတ်ထားသည်များကို ခွင့်ပြုချက်မရှိပဲ လက်ဝယ်ထားရှိခြင်း၊ ရယူရန်ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း။

၄။ မည်သူမဆို ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်တခုခုကို ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ ထောင်ဒဏ် အနည်းဆုံး ၃ နှစ်မှ အများဆုံး ၁၄ နှစ်အထိဖြစ်စေ၊ ငွေဒဏ် အများဆုံး ကျပ် ၅,၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ်နှင့် ငွေဒဏ် ၂ ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

အခန်း (၃)

အထွေထွေ

၅။ ဤဥပဒေအရ အရေးယူရန်လိုအပ်လျှင် ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုခြင်းပြုရမည်။

၆။ လမ်းစဉ်ပါတီ အစဉ်ရှင်သန်တိုးတက်စေရေးအတွက်ဖြစ်စေ၊ လမ်းစဉ်ပါတီ၏ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော လူထုလူတန်းစား အဖွဲ့အစည်းများ အစဉ်ရှင်သန်တိုးတက်စေရေးအတွက်ဖြစ်စေ လုပ်သားပြည်သူများကအကြံပေးလိုလျှင် သဘောတရားရေးရာကိစ္စနှင့်ပတ်သက်က လမ်းစဉ်ပါတီမှ တရားဝင်သတ်မှတ်ထားသော အဖွဲ့အစည်းသို့သာ အကြံပြုတင်ပြနိုင်သည်။ သဘောတရားရေးရာကိစ္စနှင့်မပတ်သက်က လမ်းစဉ်ပါတီနှင့် လူထုလူတန်းစား အဖွဲ့အစည်းများက တရားဝင်သတ်မှတ်ထားသော အဖွဲ့အစည်းများသို့သာ အကြံပြုတင်ပြနိုင်သည်။ ယင်းသို့ အကြံပြုတင်ပြချက်များသည် ဤဥပဒေအရ ပြစ်မှုမြောက်စေရ။